China • YUNNAN
HEADLINE
၃-၉ မေ ၊ ၂၀၁၆ Vol.44
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

# "အရင်းခံရှာဖွေရန်ခရီးစဉ်"ကူမင်းမြို့တွင် ဖွင့်လှစ်

ဧပြီလ ၁၄ ရက်နေ့တွင် တရုတ်နိုင်ငံတော်ကောင်စီ တရုတ်အိုဗာစီရေးရာဝန်ကြီးဌာန၊ ပင်လယ်ရပ်ခြားဆက်ဆံရေးအသင်းတို့ကဦးဆောင်၍ ယူနန်ပြည်နယ် တရုတ်အိုဗာစီရေးရာဦးစီးဌာန၊ ယူနန်ပြည်နယ်ပင်လယ်ရပ်ခြားဆက်ဆံရေးအသင်းတို့မှ တာဝန်ယူကျင်းပသော "၂၀၁၆ ခုနှစ် တရုတ်နိုင်ငံအရင်းခံရှာဖွေရန်ခရီးစဉ် ရောင်စုံယူနန်စုရပ်စခန်း"ကို ကူမင်းမြို့တွင် ဖွင့်လှစ်ခဲ့သည်။

ယခုအကြိမ်စုရပ်စခန်း၏ ဆောင်ပုဒ်မှာ တရုတ်ယဉ်ကျေးမှုကို လေ့လာခြင်း၊ ရောင်စုံယူနန်ကို ခံစားခြင်းဖြစ်သည်။ စုရပ်စခန်းသို့ မြန်မာ၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ သီရိလင်္ကာ(၅)နိုင်ငံတို့မှ ရောက်ရှိလာကြသော ပင်လယ်ရပ်ခြားရောက် တရုတ်အမျိုးသားလူငယ်ပေါင်း (၆၆၀)ကျော် ပါဝင်ခဲ့ကြသည်။ (၄)ရက်ကြာ ကျင်းပခဲ့သည့် အစီအစဉ်အတွင်း ၎င်းတို့သည် ဒိုင်နိုဆောလျှိုမြောင်၊ ပန်းမြို့တော်၊ ကူမင်းတောရိုင်းတိရစ္ဆာန်ဥယျာဉ်စသည့် နေရာများသို့ သွားရောက်လည်ပတ်ကြည့်ရှုပြီး ပေါ်ကြွယ်လှသည့် ယဉ်ကျေးမှုဖလှယ်ခံစားမှုအစီအစဉ် အမျိုးမျိုးကိုလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

မိတ်ဆက်ခြင်းအရ လွန်ခဲ့သည့်နှစ်များအတွင်း ယူနန်ပြည်နယ်သည် မိမိ၏အားသာချက်များကိုပြည့်ဝစွာဖော်ထုတ်၍ "တရုတ်ယဉ်ကျေးမှုလေ့လာခြင်း၊ရောင်စုံယူနန်ခံစားခြင်း"ကို ဆောင်ပုဒ်အဖြစ်ထားသော ပင်လယ်ရပ်ခြားရောက် တရုတ်အမျိုးသားလူငယ်များနွေ


စုရပ်စခန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်

(ဆောင်း)ရာသီစခန်းအစီအစဉ်ကို တည်ထောင်ခဲ့သည်။ နိုင်ငံနှင့်ဒေသပေါင်း(၂၀)ကျော်မှ ပင်လယ်ရပ်ခြားရောက် တရုတ်အမျိုးသားလူငယ်တစ်သောင်းနီးပါးတို့သည် ယင်းအစီအစဉ်ထဲ ရွေ့ဆင့်နောက်ဆင့် ပါဝင်ခဲ့ကြောင်း သိရသည်။

သတင်းထောက် - ကျန်ရော့ဂူ

# ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသည် ပြည်ပသို့ပြန့်ပွားသော မီဒီယာစုံရိတ္တာပုံဖြစ်တည်လာ

ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံတွင် တစ်ခုတည်းသော တစ်ဖက်နိုင်ငံ၏ဘာသာစကားဖြင့် ပုံနှိပ်ထုတ်ဝေထားသော အထွေထွေလစဉ်ထုတ် မဂ္ဂဇင်းများဖြစ်ကြသည့် 《မင်္ဂလာ》၊ 《မဲခေါင်မြစ်》၊《ကျန်ပါး》၊《ခမာ》နှင့် "ယူချောင်း (ယူနန်တံတား) ကွန်ရက်"တို့သည် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသို့ တရားဝင်လွှဲပြောင်း၍ လုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းသည် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု၏ နိုင်ငံတကာ မီဒီယာပြန့်ပွားရေးစွမ်းဆောင်ရည်ကို ဆထက်တိုးမြှင့်တင်ရန် အရေးကြီးသောလုပ်ဆောင်ချက်ဖြစ်သည်။

ထိုင်းဘာသာထုတ် 《မဲခေါင်မြစ်》၊ လာအိုဘာသာထုတ်《ကျန်ပါး》၊ မြန်မာဘာသာထုတ် 《မင်္ဂလာ》၊ ကမ္ဘောဒီးယားဘာသာထုတ်《ခမာ》မဂ္ဂဇင်းများသည် ၁၉၉၂ ခုနှစ်က တည်ထောင်ခဲ့ပြီးနောက် "သင့်မြတ်ချစ်ကြည်ရေး၊ သဟဇာတရှိ အိမ်နီးချင်းကောင်းစေရေး"ဟူသော ရည်ရွယ်ချက်ကိုအစဉ်ကျင့်သုံးခဲ့သည်။ တရုတ်နိုင်ငံတော်၏ အိမ်နီးချင်းနိုင်ငံရေးရာမူဝါဒကို တက်ကြွစွာဝန်ဆောင်မှုပေးပြီး တရုတ်အသံကို ပြန့်ပွား၊ တရုတ်ပုံပြင်ကို ပြောပြကာ နိုင်ငံအသီးသီးတို့မှ စာဖတ်သူပရိသတ်များ၏အချီးကျူးအကြိုဆိုခံခဲ့ရသည်။

အထက်ပါ "မဂ္ဂဇင်း (၄) စောင်၊ ကွန်ရက်(၁)ခု"သည် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမှ တာဝန်ယူ ပုံနှိပ်ထုတ်ဝေပြီးသည့်နောက် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသည် နိုင်ငံ (၇)နိုင်ငံတို့ကို မျက်နှာမူ၊ ဘာသာ(၅)ဘာသာတို့ကိုအသုံးပြု၍ ပြန့်ပွားမည့် အထူးသတင်း ဂျာနယ်(၁၂)စောင်၊ အပတ်စဉ် သတင်းဂျာနယ်(၄)စောင်နှင့် ဘာသာမျိုးစုံသုံး ဝက်ဆိုက်(၂)ခုတို့ကို ပိုင်ဆိုင်သွားမည်ဖြစ်ပါသည်။ သတင်းစာ၊ ဂျာနယ်၊ ကွန်ရက်တို့ကို တစ်ပါတည်းစုစည်းထားသော ပြည်ပပြန့်ပွားရေးမီဒီယာစုံ ရိတ္တာပုံဖြစ်တည်လာ၍ တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံရေးရာမူဝါဒနှင့် ယူနန်ကို တောင်အာရှ အရှေ့တောင်အာရှသို့ မျက်နှာမူသော ဖြာထွက်မှုစင်တာအဖြစ် တည်ဆောက်ရန်အတွက် ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

ယူနန်နေ့စဉ် သတင်းစာလုပ်ငန်းအုပ်စုအနေနှင့် အဆင့်မြှင့်တင်ပြီးဖြစ်သည့် "မဂ္ဂဇင်း(၄)စောင်၊ ကွန်ရက်(၁)ခု"ကို အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းအတွက် (၁) ကြံ့ခိုင်မှုလုပ်ငန်းပေါ်တွင် အားထုတ်ဆောင်ရွက်မည်ဖြစ်သည်။ စင်မြင့်ကို ကြံ့ခိုင်အောင်တည်ဆောက်၊ အရင်းအမြစ်ကို ကောင်းမွန်အောင်အသုံးပြု၊ လုပ်ငန်းကို ကောင်းမွန်အောင် ဆက်ခံသွားမည်ဖြစ်သည်။ (၂)ပေါင်းစည်းမှုလုပ်ငန်းပေါ်တွင် အားထုတ်ဆောင်ရွက်မည်ဖြစ်သည်။ကျယ်ပြန့်သောအမြော်အမြင်နှင့်တံခါးဖွင့်သောဟန်ပန်များဖြင့် "မဂ္ဂဇင်း(၄)စောင်၊ ကွန်ရက်(၁)ခု"နှင့် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုတို့အကြား တူညီသောတန်းဖိုးထားမှုအမြင်ရရှိစေပြီး စင်မြင့်အရ အတူတကွတည်ဆောက်၊ လုပ်ငန်းအရ လက်တွဲချိတ်ဆက်သွားမည်ဖြစ်သည်။ ပေါင်းစည်းခြင်းဖြင့် ဆန်းသစ်တီထွင်မှုကို တွန်းအားပေး၊ ပေါင်းစည်းခြင်းဖြင့် အားသစ်လောင်းပေး၊ ပေါင်းစည်းခြင်းဖြင့် ကဏ္ဍသစ် ဖွင့်လှစ်သွားမည်ဖြစ်သည်။(၃)ဆန်းသစ်တီထွင်မှုဘက်တွင် အားထုတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု၏ နိုင်ငံတကာပြန့်ပွားရေးအရင်းအမြစ်စုစည်း၍ ဟာကွက်မရှိအောင်ဆောင်ရွက်ပြီး "မဂ္ဂဇင်း(၄)စောင်၊ ကွန်ရက်(၁)ခု"တို့၏ လွှမ်းခြုံမှုနှင့် ဩဇာလွှမ်းမိုးမှုကို အဆက်မပြတ် တိုးချဲ့သွားမည်ဖြစ်သည်။ (၄) အဆင့်မြှင့်တင်မှုဘက်တွင် အားထုတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံခန့်ခွဲမှုစနစ်နှင့် လုပ်ကိုင်လည်ပတ်မှုစနစ် ပိုမိုသွက်လက်တွင်ကျယ်ရန်၊ ဈေးကွက်အရလုပ်ကိုင်မှုအချိုးအစား တစတစမြှင့်တင်ရန်၊ ဂျာနယ်၊မဂ္ဂဇင်းပါအကြောင်းအရာများအား စာဖတ်သူပရိသတ်များနှင့် သိသာစွာနီးစပ်လာရန်၊ မိမိကိုယ်တိုင်သတင်းထောက်ရေးသားသော သတင်းဆောင်းပါးအရေအတွက် ပိုမိုများပြားလာရန်၊ သက်ဆိုင်ရာနိုင်ငံများကို ဆတက်တိုးထိရောက်စွာလွှမ်းမိုးလာရန်၊ ပြိုင်ဆိုင်အား၊ ဩဇာလွှမ်းမိုးမှုစွမ်းအား၊ စဉ်ဆက်မပြတ်တိုးတက်မှုစွမ်းအား သိသိသာသာမြှင့်တင်လာရန်ဟူသော ရည်မှန်းချက်များကို ကြိုးစားစွာ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

သတင်းထောက်-ဝူချင်းချွန်၊ ရှုံရန့်

## တောင်အာရှ၊ အရှေ့တောင်အာရှသို့မျက်နှာမူသောကုန်စည်ပို့ဆောင်ရန် အချက်အချာကျရထားဘူတာရုံကြီးဖွင့်လှစ်

ဧပြီလ ၁၂ ရက်နေ့တွင်ကူမင်းရထားလမ်းအတွက် အချက်အချာကျသည့်ဝမ်ကျားယင်ဘူတာရုံ(အနောက်)၏ အချက်ပြလမ်းကြောင်းများကို အောင်မြင်စွာချိတ်ဆက်ပြီးစီး၍ ယူနန်အရှေ့ပိုင်း၊ တောင်ပိုင်း၊ အရှေ့မြောက်ပိုင်းသို့ ဝင်ထွက်သွားလာကြသည့် ကုန်တင်ရထားများသည် ယင်းဘူတာရုံတွင် အမှတ်စဉ် လျင်မြန်စွာပြုစု၍ လျင်မြန်စွာ ထွက်ခွာနိုင်တော့မည်ဖြစ်သည်။ ယင်းသည် ယူနန်မှတောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူသောရထားလမ်းကုန်စည်ပို့ဆောင်ရန် အချက်အချာကျဘူတာရုံနှင့် ခေတ်မီရထားလမ်းကုန်စည်စီးဆင်းရေးခြံဇုန် တရားဝင်အသုံးပြုလာသည်ကို လက္ခဏာဆောင်သည်။

ယင်းနေ့တွင် တရုတ်ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်း လျှပ်စစ်ရေးရာဗျူရို၊ တရုတ်ရထားလမ်း ဆောက်လုပ်ရေးလုပ်ငန်း အမှတ်(၁၁)ဗျူရိုစသည့် လုပ်ငန်းဖော်ဆောင်ရန် ဌာနများမှ ဆောက်လုပ်ရေးဝန်ထမ်းပေါင်း (၃၀၀၀)ကျော်ကိုစည်းရုံး၍ (၂)ကီလိုမီတာရှည်လျားသောဘူတာရုံရှိ လုပ်ငန်းခွင်အတွင်း နေ့ညမနား လမ်းကြောင်းများကို ချိတ်ဆက်ခဲ့ကြသည်။ ရှန်(ဟဲ)-ကူ(မင်း)ရထားလမ်း၊ နန်(နင်)-ကူ(မင်း)ရထားလမ်းနှင့် တရုတ်-ဗီယက်နမ်၊ တရုတ်-လာအို အင်တာနေရှင်နယ်ရထားလမ်းရှိ ပြည်တွင်းလမ်းပိုင်းများကို ကူမင်းရထားလမ်း၏ အချက်အချာကျသည့် ဝမ်ကျားယင်ဘူတာရုံကြီး (အနောက်)သို့ ချိတ်ဆက်ပေးလိုက်ပြီး အထက်ပါရထားလမ်းများအကြား အပြန်အလှန်ချိတ်ဆက်နိုင်မှုကို ဖော်ဆောင်စေခဲ့သည်။

ကူမင်းရထား ပို့ဆောင်ရေးဗျူရိုမှ သက်ဆိုင်ရာတာဝန်ရှိသူ၏ မိတ်ဆက်ခြင်းအရဝမ်ကျားယင်ဘူတာရုံ (အနောက်)သည် ယူနန်ရထားလမ်းအချက်အချာ၏ အဓိကကုန်စည်ပို့ဆောင်ရန် ဘူတာရုံကြီးအဖြစ် ဘူတာရုံအတွင်း ကွန်တိန်နာပို့ဆောင်ရေးစင်တာနှင့် အထွေထွေကုန်လှောင်ရုံများကို ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ မြန်မာ၊ လာအို၊ ထိုင်း၊ ဗီယက်နမ်စသည့် အရှေ့တောင်အာရှနိုင်ငံများ၏ ပို့ကုန်သွင်းကုန် ပစ္စည်းများအတွက် စုဝေးရာနေရာဖြစ်ကြောင်း၊ နောင်တွင် ဝမ်ကျားယင်ဘူတာ (အနောက်)သည် ယူနန်-ဗီယက်နမ် ရထားလမ်းပိုင်းရှိ ဝမ်ကျားယင်ဘူတာနှင့်အတူ တရုတ်နိုင်ငံမှ အရှေ့တောင်အာရှသို့ မျက်နှာမူမည့် နိုင်ငံတကာကျသော၊ အချက်အချာကျသော ခေတ်မီရထားလမ်း ကုန်စည်စီးဆင်းရေးဇုန်ကို ဖြစ်တည်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းထောက် - ဟူရှောက်ယုံ



ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝဂ်ဆိုက် ကိုဝင်ရောက်ပါ။

# ယူနန်ပြည်နယ်တွင် ပထမဆုံးမြောက်သောတရုတ်ယွမ်ငွေ အင်တာနေရှင်နယ် ရင်းနှီးငွေချေးရန်ပုံငွေအခြေစိုက်

တရုတ်CITICဘဏ်ကူမင်းဘဏ်ခွဲနှင့်CITIC ကိုယ်စားလုပ်ငန်းတို့က လက်တွဲ၍ တည်ထောင်လိုက်သော ယူနန်ကျူရှင့်ဟိုင်ယုံ အစုရှယ်ယာရင်းနှီးမြှုပ်နှံမှုနှင့် စီမံခန့်ခွဲမှုကုမ္ပဏီလီမိတက် (အောက်တွင် အတိုကောက်အဖြစ် ယူနန်ကျူရှင့်ဟိုင်ယုံဟုခေါ်တွင်မည်) သည် မကြာမီ ယွမ်ငွေ ၄ ． ၂ ဘီလီယံရှိသော အင်တာနေရှင်နယ် ရင်းနှီးငွေချေးရန်ပုံငွေစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ယင်းစီမံကိန်းသည် ငွေပမာဏအပြည့်ဖြင့် ကျဲ့ကျန်းကုန်သည်များဘဏ်၏ ရှယ်ယာ IPO အသိအမှတ်ပြုဝယ်ယူမှုထဲပါဝင်ခဲ့သည်။

တရုတ်CITICဘဏ်ကူမင်းဘဏ်ခွဲရင်းနှီးမြှုပ်နှံမှုဌာနမှ အထွေထွေမန်နေဂျာကွမ်ဝင်ကျွင့်သည် ယူနန်သည်နိုင်ငံတော်၏ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”စသည့် မဟာဗျူဟာထဲ လက်ဦးမှုရှိရှိနှင့် ပေါင်းသွင်း၍ ဝန်ဆောင်မှုပေးပြီး တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူသော ဖြာထွက်မှုစင်တာကို တည်ဆောက်လျှင် တရုတ်ယွမ်ငွေအင်တာနေရှင်နယ်ရင်းနှီးငွေချေးရန်ပုံငွေကဲ့သို့သော အထူးခွင့်ပြုခံအခွင့်အရေးကို ပြည့်ဝစွာ အသုံးချသင့်ကြောင်း၊ နိုင်ငံတော်၏ တရုတ်ယွမ်ငွေနိုင်ငံတကာဖြစ်ရေးမဟာဗျူဟာနှင့် လိုက်ဖက်အောင် ဆောင်ရွက်သင့်ကြောင်း ယူဆထားသည်။

ယူနန်ကျူရှင့်ဟိုင်ယုံကုမ္ပဏီသည် တရုတ်ပိုင်ဘဏ်များ ယခုအကြိမ်ဟောင်ကောင်ဈေးကွက်တင်ရန် စီမံကိန်းထဲပါဝင်နိုင်ခြင်းသည် ယူနန်ပြည်နယ်မှ နယ်စပ်ဖြတ်ကျော် တရုတ်ယွမ်ငွေလုပ်ငန်းနယ်ပယ်အတွက် စမ်းသပ်ချက်တစ်ကြိမ်ဖြစ်သည်။ ယင်းကုမ္ပဏီသည် နယ်စပ်ဖြတ်ကျော် ဝယ်ယူမှု၊ နယ်စပ်ဖြတ်ကျော်ကြွေးမြီ ငွေချေးလုပ်ငန်းများကိုလည်း ပိုင်ဆိုင်ထားသည်။ CITICကိုယ်စားလုပ်ငန်းမှ သက်ဆိုင်ရာတာဝန်ရှိသူ၏ မိတ်ဆက်ခြင်းအရ ယင်းအထူးခွင့်ပြုခံအခွင့်အရေးကို အမှီပြု၍ CITIC ကိုယ်စားလုပ်ငန်း၏ မြောက်မြားသော ပင်လယ်ရပ်ခြားရှိ လုပ်ငန်းများသည် အရင်းဥစ္စာစီမံတပ်ဆင်မှုနယ်ပယ်ကို ဆတက်တိုးချဲ့စေနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်း၏အရင်းငွေများ ပြည်ထွက်ရလွယ်ရန်နှင့် ပြန်လည်စီးဝင်ရလွယ်ရန်အတွက် အထောက်အကူပြုနိုင်ကြောင်း၊ ခန့်မှန်းခြေအရ လာမည့်(၃)နှစ်တွင် ယူနန်ကျူရှင့်ဟိုင်ယုံကုမ္ပဏီ၏ အရင်းငွေစီမံခန့်ခွဲမှုပမာဏသည် ယွမ်ငွေ ဘီလီယံ ၂၀ ကျော်နိုင်မည်ဖြစ်ကြောင်း သိရသည်။



တရုတ်ယွမ်ငွေနိုင်ငံတကာဖြစ်ရန် ခြေလှမ်းပိုမိုမြန်ဆန်စေပြီး စီးပွားရေးလုပ်ငန်းများက ပင်လယ်ရပ်ခြားတွင် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် လျင်မြန်စွာ တိုးတက်လာမှု၊ လုပ်ငန်းပေါင်းစုံတိုးတက်လာမှုစသည့်လိုအပ်ချက်ကို ရောင့်ရဲတင်းတိမ်နိုင်ရန် ၂၀၁၃ ခုနှစ်တွင် တရုတ်ပြည်သူ့ဘဏ်သည် ရှန်ဟဲမြို့အပြီးယူနန်ပြည်နယ်အား ဒုတိယခုမြောက်သော တရုတ်ယွမ်ငွေအင်တာနေရှင်နယ် ရင်းနှီးငွေချေးရန်ပုံငွေ တည်ထောင်ရန် အထူးခွင့်ပြုမိန့် ချမှတ်ပေးခဲ့သည်။ ရည်ရွယ်ချက်မှာ တရုတ်ယွမ်ငွေနယ်စပ်ဖြတ်ကျော်လုပ်ငန်းကို စူးစမ်းလေ့လာရန်နှင့် ဆန်းသစ်တီထွင်ရန်၊ ယူနန်ပြည်နယ်၏ ငွေရေးကြေးရေးဝန်ဆောင်မှု အဆင့်အတန်းကိုမြှင့်တင်ရန်၊ ယူနန်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ခံရန်အတွက်ပင်ဖြစ်သည်။

သတင်းထောက် - လီကျီဟုန်

# ပထမသုံးလပတ်အတွင်း ယူနန်ရှိလေဆိပ်များ၏ ခရီးသည်သွားလာမှုပမာဏမှာ သန်းပေါင်း ၁၃.၉၅ ဦး(ကြိမ်)ရှိ

ယခုရက်ပိုင်းတွင် ယူနန်လေဆိပ်များအုပ်စုမှရရှိသောသတင်းအရ ယခုနှစ်ပထမသုံးလပတ်တွင် ယူနန်ပြည်နယ်ရှိလေဆိပ်များ၏ခရီးသည်သွားလာမှုပမာဏမှာ သန်းပေါင်း ၁၃. ၉၅ ဦး(ကြိမ်)ရှိခဲ့ပြီး အလားတူကာလကထက် ၁၅. ၅ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ခန့်မှန်းခြေအရ တစ်နှစ်လုံးတွင်ခရီးသည်သွားလာမှုပမာဏမှာ သန်းပေါင်း (၆၀)နီးပါးရှိနိုင်မှာဖြစ်ကြောင်း သိရှိရသည်။

ပထမသုံးလပတ်တွင် ကူမင်းချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်သွားလာမှုပမာဏသည် သန်းပေါင်း(၉. ၈၈၂)ဦး(ကြိမ်)ရှိခဲ့ပြီး အလားတူကာလကထက် ၁၁. ၃ ရာခိုင်နှုန်းတိုးတက်လာကာ ရှန်ဟဲဟုန်ချောင်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်သွားလာမှုပမာဏထက် သိန်းပေါင်း(၁. ၅၆) ဦး(ကြိမ်)ကို ကျော်လွန်ခဲ့ပြီး ရှင်းကျိန့်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်သွားလာမှုပမာဏထက် (၃. ၆၉) သိန်းသာ ကွာသည်။ လောလောဆယ် တရုတ်နိုင်ငံအတွင်းရှိ လေဆိပ်များအနက် အမှတ်(၆)နေရာဖြင့် ရပ်တည်နေသည်။

ယူနန်လေဆိပ်များအုပ်စုမှ သက်ဆိုင်ရာတာဝန်ရှိသူက ကာလကြာရှည်စွာ စူးစမ်းလေ့လာခြင်းအားဖြင့် ယူနန်လေကြောင်းနှင့် ခရီးသွားရေးလုပ်ငန်းပေါင်းစည်း၍ ဖွံ့ဖြိုးတိုးတက်ခဲ့သော အောင်မြင်မှုရလဒ်သည် ဆတက်တိုးသိသာထင်ရှားလာကြောင်း၊ အနာဂတ်တွင် လေကြောင်းနှင့် ခရီးသွားရေးအကြားပေါင်းစည်း၍ ဖွံ့ဖြိုးတိုးတက်စေသောရည်မှန်းချက်နှင့်ပတ်သက်ပြီး ယူနန်လေဆိပ်များအုပ်စုသည် “အဆင့်(၄)ဆင့်၊ ကွန်ရက်(၅)ခု”ဖြစ်သော လေကြောင်းကွန်ရက်ကို အစွမ်းကုန်တည်ဆောက်၍ ခရီးသည်များအား အဆင်ပြေလွယ်ကူစေရန် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လေကြောင်းခရီးသွားဝန်ဆောင်မှုကုန်ပစ္စည်းကို အစွမ်းကုန်တီထွင်ထုတ်လုပ်ပေးပြီး ခရီးသည်များ၏လိုအပ်ချက်မျိုးစုံကို ရောင့်ရဲတင်းတိမ်သွားမည်ဖြစ်ကြောင်း၊ အကုန်အကျသက်သာသော လေကြောင်းကုမ္ပဏီနှင့် အထွေထွေ လေကြောင်းကုမ္ပဏီကို တက်ကြွစွာခေါ်ယူပြီး ယူနန်လေကြောင်းဈေးကွက်၏ ပျမ်းမျှလေယာဉ်လက်မှတ်ဈေးနှုန်းကို ကြိုးစားစွာလျှော့ချသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သတင်းထောက် - ဟူရှောင်ယုံ



ကူမင်းချန်ရွှေအပြည် ပြည်ဆိုင်ရာလေဆိပ်ကို တွေ့ရစဉ်

# ယူနန်ပြည်နယ်၏ ပထမဆုံးသော ပြည်ထွက်အခွန်ပြန်အမ်းလွှာပေါ်ပေါက်လာ

ဧပြီလ၁၂ရက်နေ့တွင် အမေရိကန်နိုင်ငံနေ တရုတ်အမျိုးသားဖြစ်သည့် မဒမ်လီသည် ကူမင်းချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာစဉ် ယူနန်ပြည်နယ်အတွင်း ပထမဆုံးသော ပြည်ထွက် အခွန်ပြန်အမ်းရန်လုပ်ငန်းကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ ပြန်အမ်းထားသည့် အခွန်ငွေမှာ (၁၉၉. ၉၂)ယွမ်ဖြစ်သည်။

(၁၁)ရက်နေ့တွင် မဒမ်လီသည် ကူမင်းမြို့တွင်(၂၄၉၉)ယွမ်တန်သောSLR ကင်မရာတစ်လုံးကို ဝယ်ယူခဲ့သည်။ ယူနန်တွင် ပြည်ထွက်အခွန်ပြန်အမ်းရန် မူဝါဒကျင့်သုံးနေသည်ကို သိရှိရပြီး နောက်၄င်းသည် 《နိုင်ငံခြားခရီးသည်များကုန်ဝယ်ပြည်ထွက်၍ အခွန်ပြန်အမ်းရန်လျှောက်လွှာ》ကို ဖြည့်စွက်ခဲ့သည်။ ဆွေမျိုးများအား လွှဲအပ်၍ သက်ဆိုင်ရာမှတ်ပုံတင်များနှင့် လိုအပ်သောစာရွက်စာတမ်းများကို ကိုင်ဆောင်ပြီး လေဆိပ်ရှိအကောက်ခွန်ဌာန၏ ပြည်ထွက်အခွန်ပြန်အမ်းရန် စစ်ဆေးရေးဌာနနှင့်ပြည်ထွက်အခွန်ပြန်အမ်းရန် ကိုယ်စားပြုဌာနသို့ သွားရောက်လုပ်ဆောင်ခဲ့သည်။ မိနစ်(၂၀)အတွင်းတာဝန်လွှဲအပ်ခံသူသည် ပြန်အမ်းပေးသောအခွန်ငွေ(၁၉၉. ၉၂)ယွမ်ကို အောင်မြင်စွာ ရရှိနိုင်ခဲ့သည်။

သတင်းထောက် - လုံကျိုး၊ ဝူဖင်



မဒမ်လီ၏တာဝန်လွှဲအပ်ခံသူက အခွန်ပြန်အမ်းရန်လိုအပ်သည်များကို ဆောင်ရွက်နေစဉ်

# ယူနန်တိုင်းရင်းသားတက္ကသိုလ်သည် အိန္ဒိယနှင့်ဆက်သွယ်သော ပြတင်းပေါက်တစ်ချပ်ကိုဖွင့်လှစ်

နွေဦးကာလတွင် ကူမင်းမြို့၏ ချယ်ရီပန်းများသည် ဝေဝေဆာဆာ ဖူးပွင့်နေသည်။ ယင်းသည် ဤမြို့၏ တစ်နှစ်တာကာလအတွင်း အရွှန်း တင့်ဆုံးသော အချိန်အခါဖြစ်သည်။ ယူနန်တိုင်းရင်းသားတက္ကသိုလ် (ယူနန် မင်တာ့)မှ ပန်းရောင်ချယ်ရီပန်းများဖူး ပွင့်နေသည့် အခက်အလက်များအောက် တွင် အဖြူရောင်ဝတ်စုံများကို ဝတ်ဆင် ထားသည့် လူတစ်အုပ်သည် အိန္ဒိယ ဆရာ၏ဦးဆောင်မှုဖြင့် ယောဂကျင့် စဉ်ကို လေ့ကျင့်နေကြသည်။ အသက် ကို ငြိမ်ငြိမ်ဆိမ်ဆိမ်ထိန်းချုပ်၍ ခန္ဓာ ကိုယ်ပျော့ပျောင်းပြီး လွတ်လပ်စွာ လိမ်ကောက်ကြသည်။ လေညင်း တိုက်ခတ်၍ ကြွေကျသွားသော ချယ် ရီပန်းပွင့်များကြားတွင် ယောဂကျင့် စဉ်လေ့ကျင့်သူတို့သည် သဘာဝကြီး၊ ခန္ဓာကိုယ်၊ စိတ်နှလုံးနှင့်စိတ်ဓာတ်များ ကြားမှ သဟဇာတဖြစ်မှုနှင့်ပေါင်း စည်းမှုကို အဆက်မပြတ်ရှာဖွေနေကြ သည်။

ယင်းသည် ယူနန်တိုင်းရင်းသား တက္ကသိုလ်ရှိ တရုတ်-အိန္ဒိယယောဂ ကောလိပ်မှ ပုံမှန်သောစာသင်ချိန် တစ်ကြိမ်သာဖြစ်သည်။ ယခုလက်ရှိ တွင် ယူနန်တိုင်းရင်းသားတက္ကသိုလ် တရုတ်-အိန္ဒိယ ယောဂကောလိပ်နှင့် တောင်အာရှကောလိပ်သည် ကျော်ကြား သော အမှတ်တံဆိပ် ဖြစ်တည်လာပြီး ဖြစ်သည်။ ယောဂသင်ရိုးသင်စဉ်ကို ကျယ်ပြန့်စွာ အချီးကျူးခံခဲ့ရသည်။ ပထမအသုတ်အဖြစ် ပျိုးထောင်မွေး ထုတ်ထားသော ဟိန္ဒီဘာသာမေဂျာမှ ကျောင်းသား ကျောင်းသူများသည် ဘွဲ့ရ ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းဆိုင် ရာအခြေအနေကောင်းမွန်လှပါသည်. . . ယူနန်ပြည်နယ်မှ အိန္ဒိယ၊ ထိုမှတစ်ဆင့် တောင်အာရှ ဒေသတစ်ခုလုံးနှင့်ချိတ် ဆက်ထားသော ပြတင်းပေါက်သစ်တစ် ချပ်ကို ပွင့်လှစ်နေဆဲဖြစ်သည်။

## တရုတ် – အိန္ဒိယယောဂကောလိပ်၊ ကျန်းမာရေး အတွက်သာမကပါ

ယောဂပညာသည် အိန္ဒိယနိုင်ငံ တွင် သမိုင်းရှည်ကြာလှသည်။ ပြီးခဲ့ သည့်နှစ်များအတွင်း ကမ္ဘာတစ်ဝန်းလုံး တွင် ခေတ်စားလာတော့သည်။ ကိုယ် စိတ်ကျန်းမာရေးအတွက် အကျိုးများ စွာရှိသည့်အပြင် ယောဂပညာမှာ ပိုမို နက်ရှိုင်းသော ဒဿနိကပညာ၊ ဘာသာ ရေးဆိုင်ရာအနှစ်သာရများလည်း ပါဝင် ပါသည်။ အိန္ဒိယနိုင်ငံ၏ ဂုဏ်ယူဖွယ် ကောင်းသော အမျိုးသားရှေးဟောင်း ယဉ်ကျေးမှု အနှစ်သာရဖြစ်သည်။ ၂၀၁၄ခုနှစ်တွင် ကုလသမဂ္ဂညီလာခံက နှစ်စဉ်ဇွန်လ ၂၁ရက်ကို နိုင်ငံတကာ ယောဂနေ့အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၁၅ခုနှစ် ဇွန်လတွင် တရုတ်- အိန္ဒိယနှစ်နိုင်ငံအစိုးရတို့မှရရှိထားသော သဘောတူညီချက်အရ တရုတ်-အိန္ဒိယ ယောဂကောလိပ်ကို ယူနန်တိုင်းရင်း သားတက္ကသိုလ်တွင် တရားဝင်တည် ထောင်နိုင်ခဲ့သည်။ ယင်းသည်အိန္ဒိယ နိုင်ငံက တရုတ်နိုင်ငံတွင် တည်ထောင် ထားသည့်ပထမခုမြောက်သော ယောဂ ကောလိပ်လည်းဖြစ်၊ အိန္ဒိယနိုင်ငံအနေ နှင့် ပြည်ပတွင်တည်ထောင်ထားသည့် ပထမခုမြောက်သော ယောဂကောလိပ် လည်းဖြစ်သည်။



၂၀၁၅ခုနှစ်နိုဝင်ဘာလတွင် ယင်း ကောလိပ်သည် ပထမအသုတ်သင်တန်း သားများကို ဆီးကြိုလာခဲ့ပြီး တရုတ်တစ် နိုင်ငံလုံးရှိ ယောဂဝါသနာရှင်များကို လည်း လျင်မြန်စွာဆွဲဆောင်နိုင်ခဲ့သည်။ ကောလိပ်ဘက်မှ စီစဉ်ပေးထားသော သင်ရိုးများအတွက်လည်း သင်တန်းသား များက ကောင်းမွန်စွာဝေဖန်သုံးသပ် ပေးခဲ့သည်။ “ကျွန်တော်တို့ ကောလိပ် ရှိသင်တန်းသားများဟာတချို့က အိမ်နီး ချင်းပြည်နယ်က ရောက်ရှိလာတယ်။ တချို့က တရုတ်အနောက်မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းစသည့် ဒေသများက တကူးတကလာရောက်ပြီး ပညာသင် ကြားကြတယ်”ဟု ဆရာဖန်းကျိမ်က ပြောသည်။ အဆင့်အတန်းအသီးသီး ခွဲခြားထားသော သင်တန်းများအပြင် တရုတ်-အိန္ဒိယ ယောဂကောလိပ်သည် အပတ်စဉ်တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ သော ကြာနေ့ကျတိုင်း ပရဟိတဖြစ်သော ယောဂသင်တန်းများကိုလည်း အခမဲ့ ဖွင့်လှစ်ထားပါကြောင်း၊ လက်ရှိတွင် ပရဟိတဖြစ်သော ယောဂသင်တန်း အပါအဝင် သင်တန်း သားဦးရေ(၄၀၀၀) ကျော်တို့သည် ယောဂသင်တန်းတက် ရောက်ခဲ့ပြီးဖြစ်ကြောင်း ၄င်းကပြော သည်။



အနာဂတ်တွင် တရုတ်-အိန္ဒိယ ကောလိပ်သည် အိန္ဒိယပန်စီယောဂ တက္ကသိုလ်၊ အိန္ဒိယ တယ်ဖေယဉ်ကျေးမှု တက္ကသိုလ်တို့နှင့် ပူးပေါင်း၍သုတေ သနပြုကြမည်ဖြစ်သည်။ ယောဂဒဿနိ ကဗေဒ၊ ယောဂယဉ်ကျေးမှု၊ ယောဂနှင့် ကိုယ်စိတ်ကျန်းမာရေး၊ ယောဂမှလူ သားများ၏ တိုးတက်ရေးအတွက် တွန်း အားပေးသည့် အခန်းထဲပါဝင်နေမှု အခြေအနေများကို ဂရုစိုက်သုတေသန ပြုသွားမည်ဖြစ်သည်။ ယောဂဘာသာ ရပ်ဆိုင်ရာ ဒီပလိုမာသင်တန်းများ ဖွင့် လှစ်ရန်စီစဉ်ထားပြီး တရုတ်နိုင်ငံအတွင်း ယောဂပညာ၏ ဖြန့်ဖြူးရေးအတွက် ပိုများသော ကျွမ်းကျင်သူလူချွန်လူ ကောင်းများကို ပျိုးထောင်မွေးထုတ်ကာ ယောဂဖြစ်သော တရုတ်-အိန္ဒိယချစ်ကြည် ရေး ပေါင်းကူးတံတား ပိုမိုခိုင်မြဲစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

## တောင်အာရှဘာသာစကားများကို သင်ကြားပို့ချခြင်း၊ ဖလှယ်ရေးတံတားကိုဆောက်လုပ်

မိမိ၏ ကျောင်းသူကျောင်းသား များ အကြောင်းကိုစကားစပ်မိ၍ ယူနန် တိုင်းရင်းသား တက္ကသိုလ်တောင်အာရှ ကောလိပ် ဟိန္ဒီဘာသာသင်ကြားရေး ဌာန ဌာနမှူးချောင်ချိန်ရွှေ့၏ မျက်နှာ ပေါ်တွင် အလွန်ပင်ဂုဏ်ယူမိသည်ကို တွေ့ရသည်။ယူနန်ပြည်နယ်ရှိတက္ကသိုလ် မှ ပထမအသုတ်အဖြစ် ကိုယ်တိုင်ပျိုး ထောင် မွေးထုတ်ထားသော အဆိုပါ ဟိန္ဒီဘာသာသင် ကျောင်းသားကျောင်း သူများသည် ယမန်နှစ်ဇူလိုင်လက ဘွဲ့ ရပြီးသည့်နောက် ရာနှုန်းပြည့်အလုပ် ဝင်လုပ်ရန် အကောင်အထည်ဖော်နိုင်ခဲ့ သည်။

“ယူနန်တိုင်းရင်းသား တက္ကသိုလ် ဟာ တရုတ်အနောက်တောင်ပိုင်းမှာ ဟိန္ဒီဘာသာမေဂျာကို ဖွင့်လှစ်ထားတဲ့ ပထမဆုံးသော တက္ကသိုလ်ဖြစ်ပါတယ်။ ၂၀၁၁ခုနှစ် စက်တင်ဘာလမှာ ကျောင်း သားများကို စတင်ခေါ်ယူပါတယ်။ ပထမ အသုတ်ကျောင်းသားကျောင်းသူဦးရေမှာ စုစုပေါင်း(၂၉)ဦးရှိပါတယ်။ ဖွင့်လှစ် ပြီးတဲ့ တစ်နှစ်တာကာလအတွင်းမှာပဲ ကျွန်တော်တို့ဟာ အိန္ဒိယတက္ကသိုလ် များနဲ့ ပူးပေါင်းဆောင်ရွက်မှု သဘော တူညီချက်ရရှိခဲ့ပါတယ်။ တရုတ် တစ်နိုင် ငံလုံးမှာ အိန္ဒိယနိုင်ငံတက္ကသိုလ်များနဲ့ ‘၃+၁’ပုံစံနဲ့ ကျောင်းထောင်ရန် နား လည်မှု စာချွန်လွှာကိုချုပ်ဆိုနိုင်ခဲ့တဲ့ ပထမဆုံးသော တက္ကသိုလ်ဖြစ်လာပါ တယ်”ဟုချောင်ချိန်ရွှေ့က ပြောသည်။

ဟိန္ဒီဘာသာသည် အိန္ဒိယနိုင်ငံ၏ အစိုးရ ပိုင်းသုံးဘာသာစကားဖြစ်သည်။ ဘာသာစကား အမျိုးအစားရာနှင့်ချီပြီး များပြားသော အိန္ဒိယနိုင်ငံတွင် ဟိန္ဒီ ဘာသာသည် အင်္ဂလိပ်ဘာသာအပြင် အိန္ဒိယနိုင်ငံ၏ အဓိကဘာသာစကားဖြစ် သည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံအတွင်း ဟိန္ဒီဘာသာစကား၏ အသုံးနှုန်းသည် အဆက်မပြတ် မြင့်တက်လာနေသည်။ တရုတ်နိုင်ငံတွင်မူ ဟိန္ဒီဘာသာစကား သည် အသုံးနည်းသော “လူနည်းစု” ဘာသာစကားဟု ဆိုနိုင်သည်။ ယင်း ဘာသာစကားကို တတ်မြောက်သူအရေ အတွက် ရှားပါးလှသည်။ သို့သော် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးသော တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံတို့သည် အပြန်အလှန် ဆက်ဆံဖလှယ်ရာတွင် တစ်ဖက်၏ဘာသာစကားကို တတ် မြောက်သော လူချွန်လူကောင်းအများ အပြား လိုအပ်မှာသေချာသည်။ ယနေ့ တွင် ပြည်ပသို့ထွက်သွားသော တရုတ် စီးပွားရေးလုပ်ငန်းများသည် ဟိန္ဒီဘာသာ စကားတတ်မြောက်သူ ချို့တဲ့ခြင်းနှင့် လက်တွေ့ခံစားခဲ့ရသည်။ ထို့ကြောင့် ဘွဲ့ရပြီးသည်နှင့် ချက်ချင်းအလုပ်ဝင် လုပ်နိုင်မည့်အသုံးတည့်သော ဟိန္ဒီဘာ သာစကားဆိုင်ရာ လူချွန်လူကောင်းများ မွေးထုတ်ခြင်းသည် ယူနန်တိုင်းရင်းသား တက္ကသိုလ် ဟိန္ဒီဘာသာမေဂျာ၏ ရည် ရွယ်ချက်ပင်ဖြစ်သည်။

ယောဂပညာကို သင်ကြားပို့ချခြင်း ဖြစ်စေ၊ တောင်အာရှဘာသာစကားကို သင်ကြားပို့ချခြင်းဖြစ်စေ၊ ယဉ်ကျေးမှု အမှတ်သင်္ကေတများ လက်ဆင့်ကမ်း နေသည့်နောက်ကွယ်တွင် အပြန်အလှန် ဖလှယ်ခြင်းနှင့် နားလည်သဘောပေါက် ခြင်းချည်းပင်ဖြစ်သည်။ ယဉ်ကျေးမှုဖြင့် နှစ်နိုင်ငံ ပြည်သူများ၏စိတ်ချင်းဆက်စေ သော တံတားဆောက်လုပ်ပေးခြင်းပင် ဖြစ်သည်။ ယူနန်တိုင်းရင်းသား တက္ကသိုလ်တွင် “Hindi corner”နှင့် “Chinese corner” အစီအစဉ်ကို များ စွာကျင်းပလေ့ရှိသည်။ တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံရှိ မျိုးဆက်သစ်လူငယ် များအား အဆက်မပြတ် အပြန်အလှန် သိကျွမ်းနားလည်ရန် စီစဉ်ပေးနေ သည်။ အိန္ဒိယနိုင်ငံတွင် အဝေးမှရောက် ရှိလာကြသော ယူနန်ကျောင်းသား ကျောင်းသူများသည် အလွယ်တကူ ပြောလိုက်သည့် ဟိန္ဒီဘာသာ နှုတ်ဆက် စကားတစ်ခွန်းကြောင့် ဒေသခံပြည်သူ များ၏ ချစ်ခင်ရင်းနှီးသော အပြုံးများကို ရရှိနိုင်တော့သည်။

ပညာတော်သင်များအဖြစ် အိန္ဒိယ နိုင်ငံတွင်နေစဉ်အတွင်း ယူနန်တိုင်းရင်း သားတက္ကသိုလ် ဟိန္ဒီဘာသာမေဂျာမှ ကျောင်းသား ကျောင်းသူများသည် လူတိုင်းလိုလို ဟိန္ဒီဘာသာဖြင့် ကဗျာ များကို စပ်ဆိုခဲ့ကြသည်။ အချို့က ဇာတိမြေကို လွမ်းဆွတ်ကြသည်၊ အချို့ က ယူနန်ကို ချီးမွမ်းကြသည်၊ အချို့က မိမိတွေ့မြင်သမျှ တရုတ်-အိန္ဒိယဆက်ဆံ ရေးအကြောင်းကို ပြောပြကြသည်။ ယခုအခါ အထက်ပါကဗျာများကို စုစည်းထားပြီး စာအုပ်ချုပ်၍ အိန္ဒိယနိုင်ငံ တွင်ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ကျောင်း သားကျောင်းသူများသည် ပိုမိုများပြား သောလူများအား စစ်မှန်သောအိန္ဒိယ နိုင်ငံအကြောင်းကို သိကျွမ်းစေချင် သည်။ “တရုတ်-အိန္ဒိယ နှစ် နိုင်ငံတို့ဟာ ဟိမဝန္တာတောင်နဲ့ခြားထားတဲ့ အိမ်နီး ချင်းနိုင်ငံများဖြစ်ကြပါတယ်။ ကျွန် တော်တို့ အချင်းချင်းပိုမို သိကျွမ်းနား လည်လိုပါတယ်။ အချင်းချင်း ပိုမိုသိ ကျွမ်းနားလည် လာပါလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ဘာသာစကားနှင့် ယဉ်ကျေးမှုဟာ အကောင်းဆုံးသော ပေါင်းကူးတံတား ဖြစ်ပါတယ်”။

သတင်းထောက် - ကျန်ရော့ဂူ၊

“ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး” ကဏ္ဍ

# ယူနန်ပြည်နယ်တွင်နေထိုင်ကြသော မြန်မာနိုင်ငံသားများ



နိုင်ငံတော်၏ အလေးပေးတံခါးဖွင့် ဖွံ့ဖြိုးတိုးတက်ရေး စမ်းသပ်ဇုန်အဖြစ် တရုတ်-မြန်မာ နယ်စပ်ဂိတ်ဖြစ်သည့် ယူနန်ပြည်နယ် ရွှေလီမြို့သည် မြန်မာနိုင်ငံနှင့် ကူးသန်းရောင်းဝယ်ရေး အသွားအလာများပြားလှသည်။ လက်ရှိတွင် မြန်မာနိုင်ငံသားဦးရေ ငါးသောင်းခန့်သည် ရွှေလီမြို့၌ အလုပ်လုပ်ကြသည်၊ သို့မဟုတ် အရောင်းအဝယ်လုပ်ကြသည်။ များပြားလှသော မြန်မာနိုင်ငံသား လူငယ်များသည် ယင်းနေရာ၌ ကာယအလုပ်လုပ်ကြသည်။ လတ်တလော မြန်မာနိုင်ငံ၏ ကိုးကန့်စစ်ပွဲဖြစ်ပွားလာသည်နှင့်အမျှ များသထက်များလာသော မြန်မာနိုင်ငံသားတို့က တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ဝင်ရောက်လာကြသည်။ ယူနန်ပြည်နယ်တွင် နေထိုင်ကြသော မြန်မာနိုင်ငံသားများ၏ နေထိုင်မှုအခြေအနေကိုလေ့လာရန် ဓာတ်ပုံဆရာများက ယူနန်ပြည်နယ်ရွှေလီမြို့သို့ သွားရောက်ပြီး အလုပ်လက်မဲ့များ၊ မျိုးပွားအင်္ဂါပြောင်းလဲပြုပြင်သော transgender သူများ၊ ယာဉ်ဆေးလုပ်သားများ စသည့် မြန်မာနိုင်ငံသားများ၏ ပုံပြင်များကို မှတ်တမ်းတင်ခဲ့သည်။

မတ်လလလယ်ပိုင်းတွင် မြန်မာနိုင်ငံသား လူငယ်သုံးဦးတို့သည် လက်သမားအလုပ် လုပ်ဆောင်ရန် ကျယ်ခေါင်တံတားပေါ်တွင် လုပ်ငန်းရှင်ကို စောင့်မျှော်နေကြသည်။ တရုတ်-မြန်မာ နယ်စပ်ဂိတ်ဖြစ်သည့် ယူနန်ပြည်နယ် ရွှေလီမြို့တွင်များပြားလှသည့် မြန်မာနိုင်ငံသားလူငယ်များက ဤနေရာတွင် ကာယအလုပ် လုပ်ဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံတော်၏ အလေးပေးတံခါးဖွင့် ဖွံ့ဖြိုးတိုးတက်ရေး စမ်းသပ်ဇုန်အဖြစ် ရွှေလီမြို့နှင့် မြန်မာနိုင်ငံအကြား စီးပွားရေးအသွားအလာ များပြားလှသည်။ လက်ရှိတွင် မြန်မာနိုင်ငံသားဦးရေ ငါးသောင်းခန့်သည် ရွှေလီမြို့တွင် အလုပ်လုပ်ကြသည်၊ သို့မဟုတ် အရောင်းအဝယ်လုပ်ကြသည်။ ၎င်းတို့သည် အဓိကအားဖြင့် ကျောက်မျက်ရတနာလုပ်ငန်း၊ သစ်မာထုတ်လုပ်ရေးလုပ်ငန်း၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများနှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြသည်။ အသက်(၂၅)နှစ် ရှိသော စိုးစိုးသည် ရွှေလီမြို့ရှိ ယာဉ်ဆေးဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်နေသည်။ ၎င်းသည် ရွှေလီမြို့သို့ အလုပ်လာလုပ်သည်မှာ တစ်နှစ်ကျော်ကြာခဲ့ပြီ ဖြစ်သည်။

တရုတ်စကားပြောတတ်သော ဖခင်တစ်ဦးသည် ကလေး၏ကျောင်းဆင်းခြင်းကို စောင့်ဆိုင်းနေသည်။ ၎င်းသည် ရွှေလီမြို့တွင် ကျောက်မျက်ရတနာလုပ်ငန်းကို (၁၀)နှစ်ကြာ လုပ်ကိုင်ခဲ့သည်။ ရွှေလီမြို့သည် ၎င်း၏ ဒုတိယ ဇာတိမြေဖြစ်လာတော့သည်။

ရွှေလီမြို့တွင် စီးပွားရေးလုပ်ငန်းများလာရောက်လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားများသည် တရားဝင်နေထိုင်ခွင့်လက်မှတ်ရရှိပါက မိမိ၏ကလေးများကို တရုတ်စာသင်ကျောင်းသို့ အပ်နှံပြီး စာသင်စေနိုင်သည်။ သို့သော် ဘာသာစကားမပေါက်သောကြောင့် များပြားလှသည့် ကလေးတို့သည် ကျောင်းစာမလိုက်နိုင်ကြပေ။ ထို့ကြောင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင် ဖုန်းကျော်သည် ရွှေလီမြို့တွင် မြန်မာစာသင်ကျောင်းတစ်ကျောင်း တည်ထောင်ရန်ဆုံးဖြတ်ထားသည်။ (အပေါ်ပုံတွင် ကျောင်းသား ကျောင်းသူများ ကျောက်သင်ပုန်းသယ်ဆောင်နေသည်ကိုတွေ့ရစဉ်) ၂၀၀၆ ခုနှစ်တွင် ဖုန်းကျော်သည် ၎င်း၏ကြံစည်ချက်ကို လက်တွေ့အဖြစ် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့သည်။

“အစပိုင်းက ရွှေလီမြို့မှာ နေထိုင်ကြတဲ့ မြန်မာနိုင်ငံသားကျောင်းနေ အရွယ်ရောက်ကလေးများကို အဆင်ပြေစွာ ကျောင်းတက်ဖို့ အတွက်ဖြစ်ပါတယ်။ “ဒါပေမယ့် နောက်ပိုင်းကျတော့ မြန်မာနိုင်ငံသားကလေးများအား တရုတ်ယဉ်ကျေးမှုများကို ပိုမိုသိကျွမ်းစေပြီး နယ်ခံဒေသရဲ့ နေထိုင်မှုဘဝထဲသို့ ပေါင်းသွင်းသွားကာ တရုတ်-မြန်မာ ယဉ်ကျေးမှု ဖလှယ်ရေးအတွက် တွန်းအားပေးနိုင်ဖို့ ကျွန်တော်တို့ဟာ တရုတ်-မြန်မာ နှစ်ဘာသာနဲ့ ပညာသင်ကြားသွားမယ်လို့ မျှော်လင့်ထားပါတယ်” ဟု ဖုန်းကျော်က ပြောသည်။ ကျောင်းနေကလေးဦးရေများလာသည်နှင့် အမျှ များသထက်များလာသော ရွှေလီမြို့နေ နယ်ခံကလေးများကလည်း ယင်းကျောင်းသို့လာရောက်ပြီး မြန်မာဘာသာကို သင်ကြားကြပါသည်။ လက်ရှိတွင် နေ့စဉ် နံနက်(၈)နာရီမှ ညနေ(၅)နာရီအထိ မြန်မာနိုင်ငံသား ကျောင်းသူကျောင်းသားများ၏ ကျောင်းတက်ချိန်ဖြစ်ပြီး တရုတ်ဘာသာ၊ မြန်မာဘာသာ၊ သင်္ချာ၊ အင်္ဂလိပ်ဘာသာ၊ တေးဂီတ၊ အနုပညာ၊ ကွန်ပျူတာစသည့် ဘာသာရပ်များကို ဖွင့်လှစ်၍ သင်ကြားလျက်ရှိသည်။ မူကြိုတန်းမှ (၉)တန်းအထိ ဖွင့်လှစ်ထားသည်။ ညနေ(၅)နာရီမှစ၍ တရုတ်ကျောင်းသားကျောင်းသူတို့၏ မြန်မာဘာသာသင်ကြားချိန်ဖြစ်သည်။ (အပေါ်ပုံ) ကျောင်းဝင်းအတွင်း၌ ဆော့ကစားနေကြသည့် မြန်မာနိုင်ငံသား ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်)

အချို့သော ကျောက်စိမ်းအမှုန့်သည် မြန်မာ့သတင်းစာပေါ်တွင် ဖြန့်ကြဲနေသည်။ မြန်မာနိုင်ငံတွင် ပတ္တမြား၊ နီလာ အများအပြားထွက်ရှိပါသည်။ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး မိုးကုတ် ဒေသမှထွက်ရှိသော ကျောက်မျက်ကျောက်စိမ်းများသည် ကမ္ဘာတွင် နာမည်ကျော်ကြားလှပါသည်။ ဒေသခံများသည် သေးငယ်သော၊ လွယ်လွယ်ကူကူ အသုံးမပြုနိုင်သော၊ အရောင်အမျိုးမျိုးရှိသော ကျောက်မျက်ကျောက်စိမ်းများကို အမျိုးအစားအလိုက် ခွဲခြားပြီး ကျောက်စိမ်းပန်းချီကားများအဖြစ် ပြုလုပ်ထားခြင်းမှာ တမူထူးခြားလှပါသည်။ သို့သော် တရုတ်ဈေးကွက်အတွက် ယင်းကျောက်စိမ်းပန်းချီကားများသည် လူသိနည်းလှသေးသည်။ အသက်(၁၈)နှစ်ရှိသော အာလှိုင်သည် ကျောက် စိမ်းပန်းချီကားနှင့် စုပေါင်းဓာတ်ပုံရိုက်လိုက်ပြီး ယင်းပန်းချီကားများသည် ယခင်က မြန်မာနိုင်ငံ အတွင်း မရှိစဖူးအလွန်ထူးခြားသည့် အကြောင်းအရာများဖြစ်သည်။ လွန်ခဲ့သော သုံးနှစ်တုန်းက မြန်မာနိုင်ငံနေ တရုတ်အမျိုးသားဖြစ်သူ ဝမ်မင် သည် မိုးကုတ်မှ လူငယ်လက်မှုပညာသည်အချို့ကို သီးသန့် ဖိတ်ခေါ်လာခဲ့သည်။ ယင်းလက်မှုပညာသည်တို့သည် ယူနန်ပြည်နယ် ရွှေလီမြို့သို့လာရောက်ပြီး တရုတ်အကြောင်းအရာပါသော ကျောက်စိမ်းပန်းချီကားများကို ဖန်တီးကြသည်။ အသက်(၂၀)ကျော်ရှိသော ကောင်မလေး(၂၈) ဦးစလုံးသည် အိမ်ထောင်မရှိသေးပါ။ သူမတို့သည် မန္တလေးမြို့မှ (၁၅)နာရီခန့်ကားစီးပြီး ရွှေလီမြို့သို့ ရောက်ရှိလာကြခြင်းဖြစ်သည်။ နှစ်စဉ် အတာသင်္ကြန်ပွဲတော် (မြန်မာ့ နှစ်သစ်ကူးပွဲတော်)ကျမှသာ အိမ်သို့ တစ်ခေါက်ပြန်နိုင်သည်။ သူမတို့သည် တရုတ်ဘာသာကို မပြောတတ်ကြပေ။ အားလပ်ချိန်များတွင် မြန်မာစာလုံး စာတန်းထိုးထားသော ကိုရီးယား ဇာတ်ကားများကို ကြည့်လေ့ရှိကြသည်။ တစ်ပတ်လျှင် (၆)ရက်ကြာ အလုပ်လုပ်ကြသည်။ မြန်မာစံတော်ချိန်ကိုသာ အသုံးပြုကြသည်။



သတင်းထောက် - ကျန်ယု